# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး
# ဗဟိုကော်မတီ၏ လုပ်ငန်းကဏ္ဍ (၈) ရပ် အကောင်အထည်ဖော်မည့်
# ညှိနှိုင်းအစည်းအဝေးတွင်
# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
# အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်တင်ပြချက်

## ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၆ (က) ပါ ပြဋ္ဌာန်းချက်

- နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

# နိုင်ငံတော်သမ္မတကြီး၏မိန့်ခွန်းပါ လမ်းညွှန်ချက်

## ပြည်ထောင်စုလွှတ်တော် (၃၀-၃-၂၀၁၁)

- စီးပွားရေးလုပ်ငန်းစဉ်တွေရဲ့အချုပ်ကတော့ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားဖို့ပဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိကစတဲ့ စီးပွားရေး အင်အားစုအားလုံးကို ဈေးကွက်စီးပွားရေးစနစ် ဘောင်အတွင်းသဟာဇာတမျှတစွာဖြင့်တစ်စုတစ်စည်းတည်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါမယ်။

# နိုင်ငံတော်သမ္မတကြီး၏မိန့်ခွန်းပါ လမ်းညွှန်ချက်

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (၂၀-၅-၂၀၁၁ မှ ၂၂-၅-၂၀၁၁ ထိ)

- နိုင်ငံတကာမှာတော့ Co-operative အစုအဖွဲ့များကို အခြေခံပြီး ယနေ့အထိ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြပေမယ့် မြန်မာနိုင်ငံမှာတော့ သမဝါယမစနစ်ဆိုရင် ဆိုရှယ်လစ်ခေတ်က ရပ်ကွက်လုံးကျွတ်၊ ရွာလုံးကျွတ် မဝင်မနေရ ပါဝင်စေခဲ့ပြီး မမှန်မကန်လုပ်ရပ်ဖြစ်စဉ်များကြောင့် ပြည်သူလူထုက အယုံအကြည်ကင်းမဲ့ခဲ့တဲ့ သင်ခန်းစာကိုယူပြီး အထက်အဖွဲ့အစည်းက ဖွဲ့ပေးခြင်းမျိုးမဟုတ်ဘဲ ယနေ့ခေတ်သစ်၊ စနစ်သစ်မှာ လူသစ်၊ စိတ်သစ်နဲ့ စိတ်တူကိုယ်တူ ညီညွတ်သူတစ်စုဖြင့်သာ ၎င်းတို့အချင်းချင်း အလုပ်ကြိုးစားသူချင်း၊ ငွေရေးကြေးရေးစိတ်ချသူချင်း၊ ကုန်ထုတ်လုပ်မှု အစုအဖွဲ့များဖြင့် ဆန္ဒရှိသူ၊ လုပ်ကိုင်လိုသူများဖြင့် စည်းရုံးဖွဲ့စည်းအားပေးတဲ့အသွင်ကို ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

# နိုင်ငံတော်သမ္မတရုံး၏ (၁၀-၆-၂၀၁၁) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၅၇/၂၀၁၁ ဖြင့် ဖွဲ့စည်းထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ(၂) | ဥက္ကဋ္ဌ |
| (၂) | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ပြည်ထောင်စုဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဝန်ကြီးချုပ်များ | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းကော်မတီကို အထောက်အကူပြုရန်ဖွဲ့စည်းမည့် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနမှူးများ | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနအသင်းစုချုပ်ဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ၊ သမဝါယမဘဏ်လီမိတက် | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန | အတွင်းရေးမှူး |
| (၉) | ဥက္ကဋ္ဌ၊ ဗဟိုသမဝါယမအသင်းလီမိတက် | တွဲဖက်အတွင်းရေးမှူး |

# သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်တာဝန်များ

- O - Organization - စည်းရုံးခြင်း
- E - Education - ပညာပေးခြင်း
- R - Regulation - ကြီးကြပ်ကွပ်ကဲခြင်း

# Organization (စည်းရုံးခြင်း)

- သမဝါယမအသင်းများဖွဲ့စည်းနိုင်ရန် စည်းရုံးခြင်း၊
- သမဝါယမအသင်းများ ကျစ်လစ်ခိုင်မာမှုရှိစေရန် စည်းရုံးခြင်း၊
- သမဝါယမအသင်းများပြန်လည်ဖွဲ့စည်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

# သမဝါယမဆိုသည်မှာ

- ဆန္ဒအလျောက် ပူးပေါင်းကြသူတို့က မိမိတို့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု လိုအပ်ချက်များ ပြည့်မီနိုင်ရန်၊ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲ ဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်၏ မူဝါဒများနှင့်အညီ ချမှတ်ကျင့်သုံးလျက်ရှိသည့် မြန်မာ့သမဝါယမအခြေခံမူဝါဒ (၁၀) ချက်

(၁) ဆန္ဒအလျောက် ပါဝင်သူများဖြင့် ဖွဲ့စည်းရန်၊

(၂) လူတစ်ကိုယ် ဆန္ဒမဲတစ်မဲဖြင့် ညီမျှသည့် အခွင့်အရေးရှိပြီး အများဆန္ဒဖြင့် စီမံခန့်ခွဲရန်၊

(၃) အစုအတွက်ရရှိမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်၊

(၄) အသားတင်အမြတ်ငွေကို အသင်းသားများ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်၊

(၅) သမဝါယမသဘောတရားနှင့် နည်းစနစ်ပြန့်ပွားရေး ဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပသမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊

(၇) အသင်း၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာ ဖြစ်ရန်၊

(၈) အသင်းသား၊ အသင်းဝင်တို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ဆောင်ရွက်ရန်၊

(၉) အသင်းသား၊ အသင်းဝင်များသည် အသင်း၏ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများတွင် ပါဝင်သူများဖြစ်ရန်၊

(၁၀) အသင်းသား၊ အသင်းဝင်များနှင့် အကျိုးတူစီးပွားဖက် အချင်းချင်းလုပ်အား၊ ပစ္စည်းတို့ ပူးပေါင်း၍ အများဆန္ဒဖြင့် စီမံခန့်ခွဲသည့်အဖွဲ့အစည်းဖြစ်ရန်။

# သမဝါယမအသင်းများဖွဲ့စည်းရေးကော်မရှင်အဆင့်ဆင့်

- ဗဟိုအဆင့်ဖွဲ့စည်းရေးကော်မရှင်
- တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲ
- မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲ

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်
# အထောက်အကူပြုကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း

(၁) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြု ဖွဲ့စည်းရေး ကော်မတီ

(၂) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြု ပညာပေးရေး ကော်မတီ

(၃) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြု ကုန်ထုတ်လုပ်မှု ကော်မတီ

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
# အထောက်အကူပြုဖွဲ့စည်းရေးကော်မတီ

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန | ဥက္ကဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဗဟိုသမဝါယမအသင်းလီမိတက်၊ ကိုယ်စားလှယ်(၁) ဦး | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနမှူးများ | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနအသင်းစုချုပ်ဥက္ကဌများ | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန | အတွင်းရေးမှူး |
| (၈) | အုပ်ချုပ်မှုဒါရိုက်တာ၊ ဗဟိုသမဝါယမအသင်းလီမိတက် | တွဲဖက်အတွင်းရေးမှူး |

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပညာပေးရေး ကော်မတီ

| | |
|---|---|
| (၁) ကျောင်းအုပ်ကြီး၊ သမဝါယမဒီဂရီကောလိပ် | ဥက္ကဋ္ဌ |
| (၂) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) အထွေထွေမန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၅) ကျောင်းအုပ်ကြီးများ၊ သမဝါယမကောလိပ် | အဖွဲ့ဝင် |
| (၆) ကျောင်းအုပ်ကြီး၊ ယွန်းပညာကောလိပ် | အဖွဲ့ဝင် |
| (၇) ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန | အတွင်းရေးမှူး |
| (၈) ဒုတိယဥက္ကဋ္ဌ၊ ဗဟိုသမဝါယမအသင်း | တွဲဖက်အတွင်းရေးမှူး |

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကုန်ထုတ်လုပ်မှုကော်မတီ

| | |
|---|---|
| (၁) ဥက္ကဋ္ဌ၊ ဗဟိုသမဝါယမအသင်း | ဥက္ကဋ္ဌ |
| (၂) ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ဒုတိယအထွေထွေမန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၅) သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၆) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အတွင်းရေးမှူး |
| (၇) ဒုတိယဥက္ကဋ္ဌ၊ သမဝါယမဘဏ်လီမိတက် | တွဲဖက်အတွင်းရေးမှူး |

# သမဝါယမလုပ်ငန်းကဏ္ဍ (၄) မျိုး

(၁) ကုန်ထုတ်လုပ်မှုကဏ္ဍ

(၂) ဝန်ဆောင်မှုကဏ္ဍ

(၃) ကုန်သွယ်မှုကဏ္ဍ

(၄) အထွေထွေကဏ္ဍ

# သမဝါယမအသင်းအဆင့်ဆင့်

| | | | |
|---|---|---|---|
| (၁) | အခြေခံသမဝါယမအသင်း | – | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းပါမည်။ |
| (၂) | သမဝါယမအသင်းစု | – | အခြေခံအသင်း (၃) သင်းနှင့်အထက် |
| (၃) | သမဝါယမအသင်းစုချုပ် | – | တိုင်းဒေသကြီး/ပြည်နယ်များတွင် အသင်းစုချုပ် ( ၁) ခုစီ |
| (၄) | ဗဟိုသမဝါယမအသင်း | | |

မှတ်ချက်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ၊ အခန်း (၃) နှင့် သမဝါယမနည်းဥပဒေ အခန်း (၂) တို့ကို နောက်ဆက်တွဲဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

# Education (ပညာပေးခြင်း)

- သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်ရှိ အမှုဆောင်များ၊ ဝန်ထမ်းများနှင့် အသင်းသားများအား လေ့ကျင့်ပညာပေးခြင်း၊
- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး(HRD)အတွက်သမဝါယမကောလိပ်များ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ပညာပေးခြင်း၊

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ကောလိပ်နှင့် သင်တန်းကျောင်းများ (၂၆) ကျောင်း

| | | | |
|---|---|---|---|
| ❑ သမဝါယမဒီဂရီကောလိပ် | – | ၁ | ကျောင်း |
| ❑ သမဝါယမကောလိပ် | – | ၃ | ကျောင်း |
| ❑ ယွန်းပညာကောလိပ် | – | ၁ | ကျောင်း |
| ❑ သမဝါယမသင်တန်းကျောင်း | – | ၄ | ကျောင်း |
| ❑ သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း | – | ၃ | ကျောင်း |
| ❑ ဆောင်းဒါးရက်ကန်းကျောင်း | – | ၁ | ကျောင်း |
| ❑ အထက်တန်းရက်ကန်းကျောင်း | – | ၈ | ကျောင်း |
| ❑ အခြေခံရက်ကန်းကျောင်း | – | ၅ | ကျောင်း |
| စုစုပေါင်း | – | ၂၆ | ကျောင်း |

တင်ပြပါ ကောလိပ်နှင့် သင်တန်းကျောင်း (၂၆) ကျောင်းမှ ၂၀-၆-၂၀၁၁ အထိ အောက်ပါအတိုင်း လေ့ကျင့်သင်ကြားပေးခဲ့ပါသည် -

သမဝါယမကောလိပ်များမှ

| | | | | |
|---|---|---|---|---|
| (၁) | BA (Business Science) ဘွဲ့ | - | ၃၄၁၅ | ဦး |
| (၂) | ဒီပလိုမာလက်မှတ် | - | ၇၉၀၀ | ဦး |
| (၃) | ယွန်းပညာဒီပလိုမာလက်မှတ် | - | ၁၀၈၆ | ဦး |
| (၄) | ခေါင်းဆောင်မှုရက်ကန့်သင်တန်းဆင်းလက်မှတ် | - | ၀၄၅၃ | ဦး |
| (၅) | အခြေခံ/အထက်တန်းရက်ကန့်သင်တန်းဆင်းလက်မှတ် | - | ၃၁၂၉ | ဦး |
| | စုစုပေါင်း | | ၁၅၉၈၃ | ဦး |

- ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက်ရောက်ဆဲ - ၂၈၄၆ ဦး

# ပညာပေးခြင်းနှင့် ပတ်သက်၍ တင်ပြချက်

(၁) ဒီဂရီကောလိပ်အား သမဝါယမတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးစေလိုပါသည်။

(၂) ကောလိပ်များအား လက်ရှိအတိုင်း ထားရှိပါမည်။

(၃) သင်တန်းကျောင်းများအား ဗဟိုသမဝါယမအသင်းသို့ လွှဲပြောင်းပေးအပ်၍ သမဝါယမပိုင်သင်တန်းကျောင်းများအဖြစ် ပညာသင်ကြားပေးခွင့်ပြုရေး တင်ပြအပ်ပါသည်။

# Regulation (ကြီးကြပ်ကွပ်ကဲခြင်း)

- ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေစည်းကမ်းလုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲခြင်း။
  - ထိုသို့ကြီးကြပ်ကွပ်ကဲခြင်းပြုရာတွင် အသင်းအဆင့်ဆင့် ဖွဲ့စည်းပြီးဆုံးချိန်နောက်ပိုင်းတွင် သမဝါယမလုပ်ငန်းများ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး ဘေးတိုက်အနေအထားဖြင့် မူဘောင်အတွင်းမှသာ ထိန်းကျောင်းပေးသည့် မူဝါဒကို ကျင့်သုံးပါမည်။
  - တိုက်ရိုက်ကြီးကြပ်ကွပ်ကဲခြင်းအား အလုပ်အမှုဆောင်အဖွဲ့နှင့်အသင်းအရပ်ရပ်ဆိုင်ရာအစည်းအဝေးများဖြင့်သာ ဆုံးဖြတ်အတည်ပြုကြီးကြပ်ကွပ်ကဲစေပါမည်။

## ၂၀၁၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ဆွေးနွေးအကြံပြုချက်များအပေါ် ဆောင်ရွက်ထားရှိမှု

- ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေပုဒ်မ ၃၈ (ခ) ကို ပယ်ဖျက်ပေးရန် တင်ပြချက်နှင့် ပတ်သက်၍ လွှတ်တော်တွင်တင်ပြနိုင်ရေးပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ပါသည်။
- သမဝါယမအသင်းများ ဖွဲ့စည်းမှုမှန်ကန်ရေးနှင့် ပတ်သက်၍ ပြည်နယ်/ တိုင်းဒေသကြီးပွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲများမှ (၃၁-၇-၂၀၁၁) ရက်နေ့အတွင်း အပြီးဆောင်ရွက်သွားရန် စီစဉ်ထားပြီး ဖြစ်ပါသည်။

- ၁၅-၆-၂၀၁၀ ရက်နေ့တွင် ဗဟိုသမဝါယမအသင်းလီမိတက်သို့ လွှဲပြောင်းပေးခဲ့သည့် သမဝါယမဖွံ့ဖြိုးရေးအရင်းမပျောက်မတည်ငွေ (CDRF) ငွေများကို သက်ဆိုင်ရာ သမဝါယမအသင်းများသို့ ပြန်လည်လွှဲပြောင်းရေးကိစ္စနှင့် ပတ်သက်၍ (CDRF) ငွေ စုစုပေါင်းကျပ်သန်း (၁၈၆၈.၄၂၁) ကို တိုင်းဒေသကြီး/ပြည်နယ်ရှိ သမဝါယမအသင်းအဆင့်ဆင့်သို့(၁-၇-၂၀၁၁) ရက်နေ့တွင် အပြီးလွှဲပြောင်းပေးမည်ဖြစ်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်အသင်းစုချုပ်များ၊ အသင်းစုများ၊ အခြေခံအသင်းများ၏ (CDRF) ရန်ပုံငွေအဖြစ် (၁၅-၈-၂၀၁၀) ရက်နေ့တွင် လွှဲပြောင်းပေးခဲ့သည့် ငွေ၊ ကုန်ပစ္စည်း စုစုပေါင်းတန်ဖိုးကျပ်သန်း (၃၄၂၁.၇၇) ကို အသင်းပိုင်ငွေစာရင်းတွင် စာရင်းရေးသွင်းပြီးဖြစ်ပါသည်။

- ပုဒ်မ ၈၄ တွင်အသင်း၏စာရင်းရေးသွင်းခြင်းနှင့် နှစ်ချုပ်စာရင်းရေးဆွဲခြင်းလုပ်ငန်းကို သမဝါယမဦးစီးဌာနက ဝန်ဆောင်ခယူ၍ ဆောင်ရွက်နေခြင်းမှာ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းများ၏ နှစ်ချုပ်စာရင်းများအား စစ်ဆေးပြီး အသင်းက ရရှိသည့် ဝင်ငွေအပေါ် မူတည်၍ တည်ဆဲဥပဒေနှင့်အညီ စာရင်းစစ်ဆေးခအဖြစ် နိုင်ငံတော် သို့ ပေးသွင်းနေရခြင်းဖြစ်ပါသည်။

- သမဝါယမအသင်းများ၏ နိုင်ငံတော်ဝင်ငွေ (State Income) အဖြစ်ပေးသွင်းနေရခြင်းကိစ္စနှင့် ပတ်သက်၍ သမဝါယမကဏ္ဍမှ နိုင်ငံတော်ဝင်ငွေအဖြစ် ၁၉၉၉ ခုနှစ်မှစတင်ပေးသွင်းခဲ့ပါသည်။သမဝါယမအသင်းများကနိုင်ငံတော်ဝင်ငွေပေးသွင်းရသော ငွေကြေးများသည် နိုင်ငံတော်အစိုးရပိုင်ပစ္စည်းများ၊ နိုင်ငံတော်ငွေကြေးများ အသုံးပြု၍ ရရှိလာသော ငွေကြေးများမဟုတ်ဘဲ သမဝါယမအသင်းသားများဖြစ်သည့် ပြည်သူလူထု၏ အစုရင်းနှီးငွေများဖြင့် အသုံးပြု၍ ရရှိလာသောဝင်ငွေမှ နိုင်ငံတော်ဝင်ငွေအဖြစ်ပေးသွင်းနေရခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ဆုံးဖြတ်ချက်လမ်းညွှန်ချက်များအတိုင်း ကျေးလက်ဒေသကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေ ပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် သမဝါယမ လုပ်ငန်းများဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# နိဂုံးချုပ်

- ၂၀၁၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းဖော်ထုတ်ကြသူ စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များကိုယ်တိုင် ယုံကြည်မှုခိုင်မာစွာဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သလို၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့်အထိ ယုံကြည်မှုခိုင်မာစွာနဲ့ တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်မှာ ဖြစ်ပါကြောင်း၊ ဒါကြောင့် အပြန်အလှန် **Confidence Building** ယုံကြည်မှု တည်ဆောက်ခြင်းဟာ အရေးပါတဲ့အတွက်ကြောင့် သေသေချာချာ ပေါင်းစပ်ညှိနှိုင်းလျက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။
- လမ်းညွှန်မှုခံယူပါသည်။